# People's Defence Force (Kalay)

အမှတ် (၆/၂၀၂၂)

## တိုက်ပွဲသတင်းထုတ်ပြန်ချက်

ဖေဖော်ဝါရီလ ၄ ရက်၊ ၂၀၂၂ ခုနှစ်

ကလေးမြို့နယ်တောင်ပိုင်း ကြံ့သာရွာတွင်တပ်စွဲထားသော အကြမ်းဖက်စစ်ကောင်စီတပ်ဖွဲ့များကို ယမန်နေ့ ဖေဖော်ဝါရီလ ၃ ရက် နံနက် ၆ နာရီခန့်တွင် PDF (Kalay)၊ CDF (KKG)၊ RKDF၊ CDF (Hakha) နှင့် ပ.က.ဖ ပူးပေါင်းတပ်ဖွဲ့များက သွားရောက်ပစ်ခတ်တိုက်ခိုက်ခဲ့ရာ တိုက်ပွဲဖြစ်ပွားချိန် ၂ နာရီခန့် ကြာမြင့်ခဲ့ပြီး တိုက်ပွဲပြင်းထန်ခဲ့ပါသည်။ တိုက်ပွဲအတွင်း စစ်ကောင်စီတပ်သား ၂ ဦးသေဆုံး၍ အများအပြားထိခိုက်ဒဏ်ရာရပြီး၊ ပူးပေါင်းတပ်ဖွဲ့များဘက်မှ ၂ ဦး လက်နက်ကြီးထိမှန်ဒဏ်ရာရရှိခဲ့ပါသည်(မစိုးရိမ်ရပါ)။

ထပ်မံ၍ ယမန်နေ့ည ၁၀ နာရီခွဲခန့်တွင် ကလေးမြို့မှ တောင်ပိုင်းသို့ ဦးတည်မောင်းနှင်လာသည့် စစ်ကောင်စီကား ၁ စီးကို ချင်းဆိုင်ရွာနှင့် ဇင်းကလင်းရွာအကြားတွင် PDF (Kalay) တပ်ဖွဲ့များက မိုင်းဆွဲတိုက်ခိုက်ခဲ့ရာ ကားပေါ်မှ စစ်ကောင်စီတပ်သား အနည်းဆုံး ၃ ဦးသေဆုံးပြီး အများအပြား ထိမှန်ဒဏ်ရာရရှိသွားကြောင်း သိရသည်။

ကလေးမြို့နယ်တောင်ပိုင်းတွင် စစ်ရေးအခြေအနေဆက်လက်တင်းမာလျက်ရှိသဖြင့် ကလေး - ဂန့်ဂေါလမ်းမကြီးကို အသုံးပြုသွားလာခြင်းမပြုကြပါရန်ထပ်မံသတိပေးအပ်ပါသည်။